## ကလေးထိန်းတစ်ဦး သို့မဟုတ် အခြားအရင်းအမြစ်များ ရှာတွေ့ရန် အကူအညီလိုပါသလား။

211info

- 211info ဆက်သွယ်ရန်- **အခမဲ့ 211** ကိုနှိပ်ပါ
- **898211** သို့ သင်၏ဇစ်ကုတ်ကို တက်စ်မက်ဆေ့ဂျ် ပို့ပါ
- အီးမေးလ် - **children@211info.org**
- ဖတ်ရှုရန် -**211info.org**

**211info ကိုယ်စားလှယ်တစ်ဦးမှ သင့်အား အောက်ပါတို့အတွက် ကူညီနိုင်ပါသည်-**

- ကလေးထိန်း
- အပြုအမူဆိုင်ရာ နည်းဗျူဟာများ
- ကျောင်းတက်ရန် အဆင်သင့်ရှိမှုနှင့် အကြံပြုချက်များ
- ရှေးဦးကလေးဘဝ ကြီးထွားဖွံ့ဖြိုးမှု
- မိသားစု စိတ်ပင်ပန်းမှုနှင့် စိုးရိမ်လွန်ကဲမှု
- မိဘအုပ်ထိန်းမှုအတွက်အတန်းများနှင့် ပံ့ပိုးမှုများ
- အရပ်တွင်းရှိ ကစားရန်အဖွဲ့များ
- ခေတ္တအုပ်ထိန်းမှုအတွက် ပံ့ပိုးမှု
- မိသားစုအတွက်အခြေခံအရင်းအမြစ်များ ... **အပြင်အခြားအရာအများအပြား။**

DHS Oregon Department of Human Services

ဤစာရွက်စာတမ်းကို အခြားဘာသာစကားများ၊ ပုံနှိပ်စာလုံးကြီးများ၊ မျက်မမြင်များအတွက် ဘရေးလ်စာ သို့မဟုတ် သင်နှစ်သက်ရာပုံစံဖြင့် ရယူနိုင်ပါသည်။ အလုပ်အကိုင်နှင့်ဆက်စပ်သည့် နေ့ကလေးထိန်းကို 503-945-5944 တွင် ဆက်သွယ်ပါ။ ကျွန်ုပ်တို့သည် ထပ်ဆင့်လွှဲသည့် ဖုန်းခေါ်ဆိုမှုအားလုံးကို လက်ခံပါသည်။ သို့မဟုတ် သင် 711 ကို ဆက်နိုင်ပါသည်။

**Oregon Department of Human Services**
Office of Self-Sufficiency
500 Summer Street NE E48
Salem OR 97301-1073

BU DHS 0239 (5/2018)

# ကလေးထိန်း အကူအညီ

## အလုပ်လုပ်သူမိဘများအတွက်



- အကျုံးဝင်သူများ
- လျှောက်လွှာတင်ပုံ
- အရည်အသွေးရှိသည့် ကလေးထိန်းရှာပုံ

DHS | Oregon Department of Human Services
SELF-SUFFICIENCY PROGRAMS
Employment-Related Day Care

## သင်သည် ကလေးထိန်းအတွက် အထောက်အကူရနိုင်ပါသည်

အလုပ်လုပ်နေသည့်မိသားစုများသည် အလုပ်အကိုင်နှင့်ဆက်စပ်သည့် နေ့ကလေးထိန်းအစီအစဉ်မှတဆင့် ကလေးထိန်းစရိတ်များအတွက် အကူအညီ ရနိုင်ပါသည်။ တစ်လလျှင် $၃,၂၀၄ အောက် ရရှိသည့် လူသုံးဦးပါမိသားတစ်စုသည် သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်။ စုစုပေါင်းဝင်ငွေသည် အခွန်ငွေများ သို့မဟုတ် အခြားနုတ်ယူခြင်းများ မပြုမီ သင်၏စုစုပေါင်း ဝင်ငွေဖြစ်သည်။ ဝင်ငွေသတ်မှတ်ချက်များသည် နှစ်စဉ်ပြောင်းလဲနိုင်ပါသည်။ လက်ရှိဝင်ငွေကန့်သတ်ချက်များကို ကြည့်ရန်- www.oregon.gov/DHS/assistance/CHILD-CARE/Pages/parents.aspx

ERDC ထောက်ပံ့ငွေသည် DHS ခွင့်ပြုချက်ရ ကလေးထိန်းကို ကလေးထိန်းခ ပေးရာတွင် ကူညီပါသည်။ DHS တွင် စာရင်းပေးထားသည့် ကလေးထိန်းဝန်ဆောင်မှုပေးသူ တစ်ဦးကို အသုံးပြုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- ထိုဝန်ဆောင်မှုပေးသူသည် ပြစ်မှုနှင့် ကလေးအကာအကွယ်ပေးသည့် ဝန်ဆောင်မှုတို့၏ နောက်ခံစစ်ဆေးမှု အောင်မြင်ခဲ့ပြီးဖြစ်သည်။
- ထိုဝန်ဆောင်မှုပေးသူသည် ငွေလက်ခံရန်အတွက် DHS မှ ကြိုတင်ခွင့်ပြုပြီး ဖြစ်သည်။
- ထိုဝန်ဆောင်မှုပေးသူသည် DHS မှတဆင့် ကလေးထိန်းပေးသည့် နောက်ခံရှိနိုင်သည်။
- အတည်တကျရှိသော ကလေးထိန်းမှုသည် သင်နှင့်သင့်ကလေးအတွက် အရေးကြီးပါသည်။



## ဤအစီအစဉ်မှ ဆောင်ရွက်ပုံ

သင်သည် ကလေးထိန်းဌာနတစ်ခု သို့မဟုတ် မှတ်ပုံတင်ထားသည့် သို့မဟုတ် လက်မှတ်ရ ကလေးထိန်းမိသားစု အိမ်တစ်အိမ်ကို အသုံးပြုနိုင်သည်။ သင်သည် မိတ်ဆွေ သို့မဟုတ် ဆွေမျိုးတစ်ဦး သို့မဟုတ် ကလေးထိန်း တစ်ဦးထက်ပို၍လည်း အသုံးပြု၍ရချင်ရနိုင်ပါသည်။

ကလေးထိန်း အထောက်အပံ့ရရန် သတ်မှတ်ချက်နှင့်ပြည့်မီသည့် မိသားတစ်စုစီသည် မိမိဘက်မှပါဝင်ပေးဆပ်ငွေဟုခေါ်သည့် ကလေးထိန်းစရိတ် တချို့တဝက်ကို ပေးရပါသည်။ ထိုငွေကို မိသားစုအရွယ်အစားနှင့် ဝင်ငွေအပေါ်တွင် အခြေခံထားပါသည်။ DHS ၏ အမြင့်ဆုံးနှုန်းထက်ပိုသည့် ကလေးထိန်းခများကိုလည်း ထိုမိသားစုမှ ပေးရပါမည်။ မိမိဘက်မှပါဝင်ပေးဆပ်ငွေ ခန့်မှန်းချက်အတွက် ကြည့်ရန်- https:/apps.state.or.us/cf1/ERDC/

## လျှောက်လွှာတင်ပုံ

သင်၏ဒေသန္တရ DHS ရုံးကို ဆက်သွယ်ပါ။ လျှောက်လွှာတင်ရန်အတွက် သင် DHS ရုံးသို့လာရန် မလိုပါ။ ကျွန်ုပ်တို့ သင့်ကို လျှောက်လွှာတစ်စောင်ပို့နိုင်ပြီး အင်တာဗျူးလုပ်ရေး စီစဉ်ရန် ကျွန်ုပ်တို့ ဖုန်းဆက်နိုင်ပါသည်။

ERDC အစီအစဉ်မှ အကူအညီမရရှိနိုင်သည့် အချိန်များလည်း ရှိနိုင်ပါသည်။ ထိုသို့ဖြစ်ပါက မိသားစုများအား ERDC အရန်စာရင်းတွင် ထည့်ထားပါသည်။ သင်သည် ထိုစာရင်းမှ ကင်းလွတ်ခွင့်ရှိမရှိကို သင်၏ DHS ဝန်ထမ်းမှ ဆုံးဖြတ်ပါမည်။

DHS ကလေးထိန်းအစီအစဉ်အတွက် အချက်အလက်များ ထပ်မံရယူရန် - www.oregon.gov/DHS

## ရှေးဦးကလေးဘဝ ကြီးထွားဖွံ့ဖြိုးမှု စစ်ဆေးခြင်း

ကြီးထွားဖွံ့ဖြိုးမှု စစ်ဆေးခြင်းတွင် ကလေးတစ်ဦး သင်ယူနေပုံ၊ ကြီးထွားနေပုံနှင့် ကြီးထွားဖွံ့ဖြိုးမှု မှတ်ကျောက်များနှင့် ပြည့်မီနေခြင်းတို့အကြောင်း အထွေထွေအားဖြင့် သိရှိစေသည့် မေးခွန်းများ ပါဝင်ပါသည်။ ကြီးထွားဖွံ့ဖြိုးမှု စစ်ဆေးသည့်ကိရိယာများသည် ကလေးတစ်ဦးအား သင်ယူမှုတွင် ကူညီရန်စာမေးပွဲများ သို့မဟုတ် ဝန်ဆောင်မှုများမှ အထောက်အကူပြုခြင်း ရှိမရှိသုံးသပ်ရာတွင် အကူအညီပေးပါသည်။

အချက်အလက်များ ထပ်မံရရှိရန် သင့်ကလေး၏ဆရာဝန်ကို မေးပါ။ သို့မဟုတ် သင့်အရပ်ရှိ (ရှေးဦး သင်ယူမှု ဗဟိုအချက်အခြာ) Early Learning Hub ကို ဆက်သွယ်ပါ။ Early Learning Hub များတည်နေရာ စာရင်းရယူရန် - https://oregonearlylearning.com/current-early-learning-hubs/

## ဝန်ဆောင်မှုပေးသူ အချက်အလက်

သင်သည် ERDC အတွက် လျှောက်လွှာတင်သည့်အခါ သင့်ကလေးထိန်း၏ အမည်ကို DHS မှ မေးပါမည်။ ဝန်ဆောင်မှုပေးသူအားလုံးကို DHS မှ ခွင့်ပြုရန်လိုပါသည်။

သင်ရွေးချယ်သည့် ကလေးထိန်းသည် ခွင့်ပြုချက်မရသေးပါက **DHS** ဝန်ထမ်းတစ်ဦးသည် သင့်အား ဝန်ဆောင်မှုပေးသူများစာရင်းပေးခြင်း ပုံစံတစ်စောင် ပေးပါမည်။ ဝန်ဆောင်မှုပေးသူများအား ခွင့်ပြုချက်မပေးမီ သင်တန်းတက်ရန် သတ်မှတ်ထားပါသည်။ ဝန်ဆောင်မှုပေးသူများစာရင်းပေးခြင်း ပုံစံတွင် မည်သည့်သင်တန်း လိုအပ်သည်ကို ရှင်းပြထားပါသည်။

ထိုပုံစံကိုဖြည့်ကာ တင်သွင်းပြီးနောက် ခန့်မှန်းခြေနှစ်ပတ်အကြာတွင် DHS မှ ထိုလျှောက်လွှာကို ခွင့်ပြုခြင်း ရှိမရှိကို ဝန်ဆောင်မှုပေးသူမှ သိပါမည်။ သင်ရွေးချယ်သူကို DHS မှ ခွင့်မပြုပါက သင်သည် ဝန်ဆောင်မှုပေးသူအခြားတစ်ဦးကို ရှာရန်လိုပါသည်။



## အရည်အသွေးရှိ ကလေးထိန်း ရှာပုံ

ကလေးထိန်းရွေးချယ်ခြင်းသည် မိဘတစ်ဦးမှပြုလုပ်သည့် အရေးကြီးဆုံး ရွေးချယ်ချက် တစ်ရပ်ဖြစ်ပါသည်။ အရည်အသွေးရှိ ကလေးထိန်းသည် သင့်ကလေး ကျန်းမာရေးနှင့် ညီညွတ်စွာ ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျောင်းတွင် အောင်မြင်ရေးအတွက် အထောက်အကူပြုပါသည်။

အရည်အသွေးရှိသော ကလေးထိန်းအနေအထားသည် သင့်ကလေး၏ ဦးနှောက်ဖွံ့ဖြိုးရေးနှင့် ရာသက်ပန်သင်ယူရေးအတွက် အရေးကြီးသည့် ကလေးကြီးထွားဖွံ့ဖြိုးရေး လှုပ်ရှားမှု အမျိုးမျိုး ပေးပါသည်။

သင်သည် Spark ဝန်ဆောင်မှုပေးသူတစ်ဦး အသုံးပြုပါက မိမိဘက်မှ ပါဝင်ပေးဆပ်ငွေ ပိုနည်းနိုင်ပါသည်။ Spark ဝန်ဆောင်မှုတစ်ဦးဖြစ်ခြင်းသည် ထိုဝန်ဆောင်မှုပေးသူမှ ကလေးများ ကျောင်းတက်ရန် အဆင်သင့်ဖြစ်ရေးနှင့် ကျောင်းတွင်အောင်မြင်ရေးအတွက် ကူညီရာတွင် လိုအပ်သည့်သင်တန်း တက်ပြီးကြောင်းပြသည်။ Spark ဝန်ဆောင်မှုပေးသူတစ်ဦးရှာရန် 211info ကိုဆက်သွယ်ပါ။